## ၁ နှင့် ၂ ဘုရင်များစာစောင်

Message Four

# ရှောလမုန်၏ ခမ်းနားထည်ဝါသော နိုင်ငံတော်သည် မိလေနိကာလရှိ ခရစ်တော်၏ နိုင်ငံတော်ကို ပုံဆောင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ၁ဘုရင်၊၁၀း၁-၂၄။ ဆာ၊၇၂း၁-၈၊ ၁၁၊ ၁၇-၁၉။ ဗျာ၊၁၁း၁၅။ ၂၀း၄၊ ၆

**I. ရှောလမုန်၏ ခမ်းနားထည်ဝါသော နိုင်ငံတော်နှင့်အတူ ဘုရားသခင်၏ ကြွယ်ဝသော ကောင်းချီးမင်္ဂလာအောက်၌ သူ၏ ကြွယ်ဝ ချမ်းသာမှုသည် မိလေနိကာလ၌ ခရစ်တော်၏ နိုင်ငံတော်ကို ပုံဆောင်ခြင်းဖြစ်သည် - ၁ဘုရင်၊၄း၂၀-၅း၁၈။**

A. ၁ဘုရင်များ အခန်း ၉ နှင့် ၁၀ တွင် လူမျိုးများအလယ် ရှောလမုန်၏ ဘုန်းအသရေ အမြင့်ဆုံးအထွတ်အထိပ်ရောက်ခြင်းကို ပုံဖော်ပြသထားသည်။

B. ရှောလမုန်သည် သူ၏နိုင်ငံတော် ခမ်းနားထည်ဝါခြင်းနှင့်အတူ အစ္စရေးနိုင်ငံတော်၌ ဘုန်းထင်ရှားခဲ့သည်။ ဤသည်မှာ မိလေနိကာလ၌ ခရစ်တော်၏ ကြိုတင်ပုံဖော်ချက် ဖြစ်သည် - အငယ်၊၁-၂၄။

**II. ကိုယ်တော်ဒုတိယအကြိမ် ကြွလာခြင်း၌ ခရစ်တော်သည် မြေကြီးကို သိမ်းပိုက်ပိုင်ဆိုင်မည်ဖြစ်ကာ၊ ယင်းမှာ ကိုယ်တော်၏ပိုင်ဆိုင်မှုအဖြစ် ကိုယ်တော်ကို ပေးထားပြီးသော အရာဖြစ်ပြီး၊ ဘုရားသခင်၏နိုင်ငံတော်ကို မြေကြီးတစ်ပြင်လုံးတွင် တည်စေမည် ဖြစ်ကာ၊ ထိုသို့ဖြင့် မြေကြီးပေါ်မှာ ဘုရားသခင်၏အခွင့်အရေးကို ပြန်လည်ရယူမည်ဖြစ်သည် - ဆာ၊၂၄း၁။**

A. ဆာလံ ၂၄း၇-၁၀ တွင် အောင်နိုင်သော ခရစ်တော်ကို ဘုရားသခင်၏ထာဝရ နိုင်ငံတော်၌ ရောက်လာမည့် ရှင်ဘုရင်အဖြစ် ဖွင့်ပြထားသည်။

B. ဘုန်းတော်၏ ရှင်ဘုရင်သည် ဗိုလ်ခြေတို့ (ယင်းမှာ စစ်တပ်များ)၏ အရှင် ယေဟောဝါ တည်းဟူသော အောင်နိုင်သော၊ ကြွလာမည့်သူ ခရစ်တော်၌ ကိုယ်ထင်ရှားခဲ့သည့် ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားဖြစ်သည် - အငယ်၊၇-၁၀။ လု၊၂၁း၂၇။ မ၊၂၅း၃၁။

1. ယေဟောဝါသည် ယေရှုဖြစ်ပြီး၊ ယေရှုသည် လူ့ဇာတိခံသော၊ ကားတိုင်ပေါ်အသေခံသော၊ ရှင်ပြန်ထမြောက်သော သုံးပါးတစ်ပါးဘုရား ဖြစ်ပြီး၊ ကိုယ်တော်သည် တိုက်ခိုက်ခြင်း၌ သန်စွမ်းသောသူ၊ အောင်နိုင်သောသူ ဖြစ်တော်မူသည် - ဗျာ၊၅း၅။
2. ကိုယ်တော်သည် သူ၏အောင်မြင်သောသူများနှင့်အတူ မြေကြီးကို ကိုယ်တော်၏ နိုင်ငံတော်အဖြစ် သိမ်းယူဖို့ရာ ရှင်ပြန်ထမြောက်ခြင်း၌ ပြန်ကြွလာတော်မူမည့်

အရှင် ဖြစ်သည် - ဒံ၊၂း၃၄-၃၅။ ၇း၁၃-၁၄။ ယောလ၊၃း၁၁။ ဗျာ၊၁၁း၁၅။ ၁၉း၁၃-၁၄။

**III. ဆာလံ ၇၂ သည် စိုးစံသောခရစ်တော်အကြောင်း ဖြစ်ပြီး၊ ယင်းကို စိုးစံသော ရှောလမုန် အားဖြင့် ပုံဆောင်ထားသည်။**

A. ဆာလံ ၇၂ သည် အမှန်မှာ ရှင်ဘုရင်ရှောလမုန်အကြောင်း ဆာလံဖြစ်ပြီး၊ သူသည် စိုးစံသောအရှင်အဖြစ် ခရစ်တော်၏ ပုံ ဆောင်ချက်ဖြစ်သည် - မ၊၁၂း၄၂။
   1. ရှောလမုန်သည် ဒါဝိဒ်၏သားအဖြစ် ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်ပြီး၊ ဒါဝိဒ်၏ ရာဇပလ္လင်နှင့် နိုင်ငံတော်ကို အမွေခံရ သူဖြစ်သည် - ၁း၁။ ၂ရှမွေ၊၇း၁၂-၁၃။ လု၊၁း၃၂-၃၃။
   2. ဒါဝိဒ်၏ဒုက္ခခံရခြင်းများအားဖြင့် ပုံဆောင်သည့် မြေကြီးပေါ် ဒုက္ခခံရသည့် အသက်တာပြီးနောက် ခရစ်တော်သည် ကောင်းကင်များသို့ တက်ကြွခဲ့ပြီး၊ ထိုနေရာတွင် ယခု ကိုယ်တော်သည် ရှောလမုန်အားဖြင့် ပုံဆောင်သည့် ရှင်ဘုရင် အဖြစ် စိုးစံလျက် ရှိနေသည် - ၁ကော၊၁၅း၂၅။ ဗျာ၊၁၇း၁၄။

B. စိုးစံသော ခရစ်တော်သည် ဆာလံ၇၂ ၌ စိုးစံသော ရှောလမုန်အားဖြင့် ပုံဆောင်ကာ (မ၊၁း၁။ ၂၂း၄၂)၊ သူ၏ ခမ်းနားလှသော၊ ဘုန်းထည်ဝါသောအချိန် (၁ဘုရင် ၉-၁၀) ၌ရှိခြင်းကို ဖော်ပြပြီး၊ ယင်းကို ဤဆာလံ၏ ခေါင်းစဉ်အားဖြင့်လည်းကောင်း၊ ပထမ ကျမ်းပိုဒ်အားဖြင့်လည်းကောင်း ညွှန်ပြပေးသည်။
   1. ဆာလံ ၇၂ သည် ခရစ်တော်က မြေကြီးအပေါ် စိုးစံခြင်း၊ ရှင်ဘုရင်များအားလုံးက ကိုယ်တော်ထံသို့ ဦးညွှတ်ချခြင်းနှင့် လူမျိုးများအားလုံးက ကိုယ်တော်ကို အစေခံကြခြင်းအား ဖွင့်ပြထားသည် - အငယ်၊၁-၈၊ ၁၁။
   2. ဆာလံ ၇၂ သည် သခင်ဘုရားက မြေကြီးတစ်ပြင်လုံးကို ပြန်လည်ရယူခြင်း၊ ပိုင်ဆိုင်ခြင်းနှင့် စိုးစံခြင်းမှာ မည်ကဲ့သို့ဖြစ်ကြောင်း ပြသသည့် ရုပ်ပုံကားချပ် ဖြစ်သည် - အငယ်၊၁၇-၁၉။
   3. ရှောလမုန်အားဖြင့် ပုံဆောင်ထားသည့် ခရစ်တော်၏ စိုးစံခြင်းသည် ပြန်လည်ထူထောင်ခြင်းခေတ်၌ မိလေနီကာလတွင် ဖြစ်လိမ့်မည်ဖြစ်သည် - ဗျာ၊၂၀း၄၊ ၆။ မ၊၁၉း၂၈။

**IV. "လောကီနိုင်ငံသည် ငါတို့သခင်နှင့် ကိုယ်တော်၏ ခရစ်တော်နိုင်ငံ ဖြစ်လေပြီ။ သူသည် လည်း ကာလအစဉ်အဆက် စိုးစံတော်မူမည်"** - ဗျာ၊၁၁း၁၅။

A. ခရစ်တော်၏နိုင်ငံတော်သည် မိလေနိကာလဖြစ်သည်၊ ယင်းသည် ဘုရားသခင်၏နိုင်ငံတော်လည်း ဖြစ်သည် - ၂၀း၄၊ ၆။ မ၊ ၁၆း၂၈။ ၁၃း၄၁၊ ၄၃။
B. ခရစ်တော်၏နိုင်ငံနှင့် ဘုရားသခင်၏နိုင်ငံတော်အဖြစ် နိုင်ငံတော်၏ သွင်ပြင်၌ ခရစ်တော်သည် ဘုရားသခင်နှင့်အတူ စိုးစံသည်။ ခရစ်တော်သည် ဘုရားသခင်အဖြစ် စိုးစံသည်ဟု ကျွန်ုပ်တို့ ပြောနိုင်ပါသည် - ဗျာ၊၁၁း၁၅။
C. လောက၏နိုင်ငံသည် ကိုယ်တော်ပြန်ကြွလာခြင်း၌ လူမျိုးတို့အပေါ် တရားစီရင်ခြင်းကို ချမှတ်ပြီးနောက် ခရစ်တော်၏နိုင်ငံတော် ဖြစ်လာသည် - ဒံ၊၇း၁၃-၁၄။ ၂း၄၄-၄၅။
D. ဗျာဒိတ် ၁၁း၁၅ တွင် သခင်ဘုရား၏ကာလအစဉ်အဆက် စိုးစံခြင်းသည် သခင်ဘုရားက မိလေနိနိုင်ငံတော်၌လည်းကောင်း ကောင်းကင်သစ် မြေကြီးသစ်၌လည်းကောင်း ထာဝရကာလပတ်လုံး စိုးစံခြင်း ဖြစ်သည် - ဗျာ၊၂၂း၅။
E. အောင်မြင်သောသူများအားလုံးသည် အနှစ်တစ်ထောင်ပတ်လုံး ခရစ်တော်နှင့်အတူ စိုးစံရလိမ့်မည်ဖြစ်ပြီး၊ ကယ်တင်ခံရ သူများအားလုံးသည် ထာဝရကာလပတ်လုံး ကာလအစဉ်အဆက် စိုးစံရကြလိမ့်မည်ဖြစ်သည် - ၂၀း၄၊ ၆။ ၂၂း၅။

**V. သခင်ယေရှုသည် ယုံကြည်သူများ၊ ဂျူးများနှင့် လူမျိုးများတို့ကို ဆက်ဆံဖြေရှင်းပြီးနောက်၊ မိလေနိကာလ - မြေကြီးပေါ် အနှစ်တစ်ထောင်ပတ်လုံး ခရစ်တော်နှင့် ဘုရားသခင်၏ နိုင်ငံတော် - ကို ကိုယ်တော် ယူဆောင်လာလိမ့်မည် - ၂၀း၄၊ ၆။**

A. မိလေနိကာလသည် ခရစ်တော်က လောကကို အုပ်စိုးရန် ရှင်ဘုရင်အဖြစ် တစ်ဖန်ကြွလာခြင်းပြီးနောက်နှင့် ကောင်းကင်သစ် မြေကြီးသစ်မတိုင်မီ အချိန်ကို ရည်ညွှန်းသည်။
B. မိလေနိကာလအတွင်း လူမျိုးအပေါင်းတို့သည် ခရစ်တော်ထံသို့ လာကြလိမ့်မည်ဖြစ်သည် - ဇာ၊၁၄း၁၆။
C. ဓမ္မဟောင်းကျမ်း၌ မိလေနိကာလနှင့် စပ်လျဉ်းသည့် ကျမ်းပိုဒ်များစွာ ရှိသည် - ဆာ၊ ၂း၆၊ ၈-၉။ ဟေရှာ၊၂း၂-၅။ ၁၁း၁-၁၀။ ၆၅း၂၀-၂၅။ ဇာ၊၈း၂၀-၂၃။ ၁၄း၁၆-၂၁။
D. တမန်တော် ၃း၂၁ တွင် *အလုံးစုံသော အရာတို့ကို အသစ်ပြုပြင်တော်မူသော ကပ်ကာလ* သည် မိလေနိကာလကို ရည်ညွှန်း သည်။
   1. ဤပြန်လည်ပြုပြင်ခြင်းသည် လူကိုသာမက စကြဝဠာတစ်ခုလုံး - ကောင်းကင်များ၊ မြေကြီး၊ တိရစ္ဆာန်များနှင့် သစ်ပင်များ - ကိုလည်း အကျိုးသက်ရောက်စေလိမ့်မည်ဖြစ်သည်။
   2. လူ၏ကျဆင်းခြင်းအားဖြင့် ကျိန်ခြင်းခံခဲ့ရသော အရာခပ်သိမ်းသည် ပြန်လည်ပြုပြင်ရယူခြင်း ခံရလိမ့်မည်ဖြစ်သည် - ဟေရှာ၊၁၁း၆။ ၃၀း၂၆။

E. မိလေနိကာလသည် ဘုရားသခင်က ပြင်ဆင်ခြင်းခေတ်ကာလအဖြစ် အသုံးပြုဦးမည် ဖြစ်သည်။
   1. ဤခေတ်ကာလအတွင်း ဘုရားသခင်သည် အသင်းတော်ခေတ်အတွင်း စုံလင်ခြင်း မခံရသေးသည့် သန့်ရှင်းသူများကို စုံလင်စေလိမ့်မည်ဖြစ်ပြီး၊ ထိုသို့ဖြင့် သူတို့သည် ဘုရားသခင်၏ထာဝရနိုင်ငံတော်အတွက် ယေရုရှလင်မြို့သစ်အထဲသို့ ဝင်ရောက်ရန် အရည်အချင်းရှိနိုင်ကြမည်ဖြစ်သည်။
   2. မိလေနိကာလအတွင်း ဘုရားသခင်သည် ပြန်လည်ရယူခံရသော လူမျိုးများကိုလည်း မြေကြီးသစ်တွင် လူမျိုးများဖြစ်စေရန် သန့်စင်ပေးလိမ့်မည်ဖြစ်သည်။

F. ဘုရားသခင်၏သားတော် ခရစ်တော်၌ ယုံကြည်သူများသည် ဘုရားသခင်၏ နိုင်ငံတော်အထဲသို့ အသစ်မွေးဖွားခံခဲ့ကြရပြီး၊ သူတို့သည် အသင်းတော်အသက်တာ၌ ရှိကြကာ၊ ယနေ့ ဘုရားသခင်၏နိုင်ငံတော်၌ အသက်ရှင်နေကြသည်၊ သို့သော် ယုံကြည်သူအားလုံးမဟုတ်ဘဲ အောင်မြင်သောသူများသာလျှင် မိလေနိကာလ၌ ပါဝင်ဆက်ဆံကြလိမ့်မည်ဖြစ်သည် - ယော၊ ၃း၅၊ ၁၅-၁၆။ ရော၊၁၄း၁၇။ ဗျာ၊၁၂း၁၀-၁၁။ ၂း၂၆-၂၇။ ၃း၂၁။

## VI. မဿဲ ၁၆း၂၈-၁၇း၅ တွင် ဖော်ပြထားသည့်အရာမှာ မိလေနိကာလတွင် ကောင်းကင်များ၏နိုင်ငံတော် ထင်ရှားပေါ်ထွန်းခြင်း၏ ပုံစံငယ် ဖြစ်သည်။

A. ဤပုံစံငယ်၏ အလယ်ဗဟိုမှာ ဘုန်းထင်ရှားသော ယေရှုဖြစ်ပြီး၊ ကိုယ်တော်နှင့်အတူ ဓမ္မဟောင်းအောင်မြင်သောသူများကို ကိုယ်စားပြုသည့် မောရှေနှင့် ဧလိယ၊ ဓမ္မသစ်ယုံကြည်သူများကို ကိုယ်စားပြုသည့် ပေတရု၊ ယာကုပ်၊ ယောဟန်တို့ ရှိကြသည် - အငယ်၊၁-၃။

B. တောင်ပေါ်တွင် သခင်ယေရှုနှင့်အတူ ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့သည် ရောက်လာမည့် နိုင်ငံတော် ထင်ရှားပေါ်ထွန်း ခြင်းကို ကြိုတင်မြည်းစမ်းခဲ့ကြရသည် - ၁၆း၂၈-၁၇း၃။

C. သခင်ယေရှုသည် အဆင်းသဏ္ဌာန်ပြောင်းလဲခြင်းဟူသည်မှာ ကိုယ်တော်၏ လူသားဇာတိသည် ဘုရားဇာတိဖြင့် ပျော်ဝင်ပြည့်ဝခြင်း၊ စိမ့်ဝင်ပျံ့နှံ့ခြင်း ရှိကြောင်း ဆိုလိုသည်။ ဤအဆင်းသဏ္ဌာန်ပြောင်းလဲခြင်းသည် ကိုယ်တော်၏ ဘုန်းထင်ရှား ခြင်းဖြစ်သည် - အငယ်၊၂။
   1. သခင်ယေရှု၏ အဆင်းသဏ္ဌာန်ပြောင်းလဲခြင်း၊ ထွန်းလင်းခြင်းသည် နိုင်ငံတော်၌ ကိုယ်တော်၏ ကြွလာခြင်းဖြစ်သည်။ ကိုယ်တော်၏ အဆင်းသဏ္ဌာန်ပြောင်းလဲ

ခြင်းရှိရာနေရာသည် နိုင်ငံတော်၏ ရောက်လာခြင်း ရှိသည် - မာ၊၉း၁-၄။ လု၊ ၉း၂၇-၃၁။

2. သခင်ယေရှု၏ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းသည် ကိုယ်တော်ဖြစ်သောအရာ၏ ပြီးမြောက်ဖြစ်တည်လာခြင်း ဖြစ်သည်။
3. နိုင်ငံတော်သည် သခင်ယေရှု၏စစ်မှန်ခြင်း ထွန်းလင်းလာခြင်း ဖြစ်သည်။ ကိုယ်တော်၏ ထွန်းလင်းခြင်းအောက်တွင် ရှိခြင်းမှာ နိုင်ငံတော်၌ ရှိခြင်းပင် ဖြစ်သည် - ဗျာ၊၂၂း၄-၅။
4. မိလေနိကာလတွင် အောင်မြင်သော ယုံကြည်သူများသည် ခရစ်တော်နှင့်အတူ နိုင်ငံတော်၏ တောက်ပသော ဘုန်းတော်၌ ရှိကြလိမ့်မည်ဖြစ်သည်။ "ထိုအခါ ဖြောင့်မတ်သောသူတို့သည် နေထွန်းလင်းသကဲ့သို့ မိမိတို့အဖ၏ နိုင်ငံတော်၌ ထွန်းလင်းကြလတံ့" - မ၊၁၃း၄၃က နှင့် မှတ်စု ၁ နှင့် ၂။